မည်သို့ဖြစ်စေ

စာရေးတင်ပြသူ- စူပါစတား

(၁) ။ လူတွေသည် အကြောင်းအကျိုးကိုမသိ၊ ကျိုးကြောင်းမဆင်ခြင် ခြင်းလည်းမရှိ၊ အတ္တစိတ်လည်းများလှ၏။

မည်သို့ဖြစ်စေ မေတ္တာထားလိုက်ပါ။

(၂) ။ လူတွေသည် ကောင်းသောအမှု သင်မည်မျှပြုသော်လည်း မရိုးမသားကိုယ်ကျိုးစီးပွားအတွက်ပါဟု စွပ်စွဲကြလိမ့်ဦးမည်။

မေတ္တာထားလိုက်ပါ

(၃)။ သင်အောင်မြင်ပြီဆိုလျှင်

သင်မှာ မိတ်ဆွေအတုအယောင်များရော၊ ရန်သူအစစ်များပါရရှိလာလိမ့်မည်။

မည်သို့ဖြစ်စေ အောင်မြင်ရန်သာ အားထုတ်ပါ။

(၄)။ ရိုးဖြောင့်ခြင်း၊ ပွင့်လင်းစွာစကားဆိုခြင်းတို့ကြောင့် သင်မှာ့ထိခိုက်စရာတွေ ကြုံ ချင်ကြုံရလိမ့်မည်။

မည်သို့ဖြစ်စေ ရိုးဖြောင့်ပွင့်လင်းစွာသာပြောဆိုဆက်ဆံပါ။

(၅)။ သင်ယနေ့ပြုသည့်ကောင်းသောအမှုကိုမနက်ဖြန် သူတို့မေ့ကောင်းမေ့နေလိမ့်မည်။

မည်သို့ဖြစ်စေ ကောင်းသောအမှုကို ပြုမြဲပြုပါ။

(၆)။ အကြီးကျယ်ဆုံးစိတ်ကူးဉာဏ်ရှိသည့် အမြင့်မားဆုံး ပုဂ္ဂိုလ်သည်လည်း အနုံချာဆုံး စိတ်ထားရှိသည့် အသေးမွှားဆုံးပုဂ္ဂိုလ် ၏ ဂေဖန်ခြင်း၊ ကဲ့ရဲ့အပုပ်ချခြင်းခံချင်ခံ ရနိုင်သည်။

မည်သို့ဖြစ်စေ ကြီးကြီးကျယ်ကျယ် မြင့်မြင့်မားမားသာ စဉ်းစားကြံစည်ပါ။

(၇)။ လူတွေသည် နိမ့်ပါးသူအောက် လူများကိုစေတနာပိုတတ်သည်ဆိုသော်လည်း လက်တွေ့မှာ အပေါ်စီးရသူ ထိပ်ဆုံးလူများနောက်သို့သာလိုက်ပါတတ်ကြလေသည်။

မည်သို့ဖြစ်စေ အချို့သောနိမ့်ပါးသူအောက်လူတို့အတွက် ရပ်တည်ပေး တိုက်ပွဲဝင်ပေးပါ။

(၈)။ နှစ်ပေါင်းများစွာ သင်တည်ဆောက်ခဲ့သော အရာသည်နေ့ချင်း ဖြိုလှဲဖျက်ဆီးခြင်းခံချင်ခံရလိမ့်မည်။

မည်သို့ဖြစ်စေ တည်ဆောက်စရာရှိတာဆက်လက်တည်ဆောက်ပါ။

(၉)။ ကမ္ဘာလောကအတွက် အကောင်းဆုံးကိုသင်ပေးသော်လည်း သင့်အားခါးသည်းနာကျည်းဖွယ် တုံ့ပြန်ကောင်းတုံ့ပြန်လိမ့်မည်။

မည်သို့ဖြစ်စေ သင့်မှာရှိသည့် အကောင်းဆုံး ကိုသာပေးမြဲသင်ပေးပါ